# တောရိုင်းမြေ မီးလောင်ခြင်းဆိုင်ရာ သတိပေးနှိုးဆော် မှာကြားချက်များနှင့် သတိပေးချက်များ

တောရိုင်းမြေ မီးလောင်မှုတစ်ခုတွင် သင့်အနေနှင့် ဘေးအန္တရာယ်ကင်းစွာနေနိုင်ရေးအတွက် သင့်အား အထောက်အကူပြုမည့် အချက်အလက်များကို ရယူနိုင်သည့် နည်းပေါင်းအမြောက်အများရှိပါသည်။ သတင်းအချက်အလက်များ၏ အရင်းအမြစ်တစ်ခုတည်းအပေါ် အားကိုးအားထားမပြုရန် အရေးကြီးပါသည်။ အရေးပေါ်အခြေအနေတစ်ခုတွင် စက်မှုနည်းပညာသည် အလုပ်ဖြစ်ကောင်းဖြစ်နိုင်မည်မဟုတ်ပါ။ သင်၏ ခံစားစိတ်များအပေါ် ဆက်လက်၍ အားကိုးအားထားပြုပါ။ မီးခိုးအနံ့အပါအဝင်ဖြစ်သော မီး၏လက္ခဏာအင်္ဂါရပ်များကို ပြင်ပ၌ ကြည့်ရှုပါ။

မိုဘိုင်းဖုန်း စာသားဖြင့် မှာကြားချက် သို့မဟုတ် ဖုန်းဖြင့်မှာကြားချက်များအပေါ်၌ အားမကိုးပါနှင့်။ တောရိုင်းမြေ မီးများသည် လျင်မြန်စွာ စတင်နိုင်ပြီး အသက်နှင့် အိုးအိမ်များအား မိနစ်ပိုင်းအတွင်း အန္တရာယ်ပြုနိုင်သည်။ တောရိုင်းမြေ မီးတစ်ခု စတင်မလောင်မီ စောစီး၍ထွက်ခွာခြင်းမှာ စိတ်အချရဆုံးသော ရွေးချယ်လုပ်ကိုင်မှုတစ်ရပ်ဖြစ်သည်။

## တောရိုင်းမြေ မီးလောင်ခြင်း၏ သတိပေးနှိုးဆော်မှုအဆင့် သုံးဆင့်ရှိပါသည်။

**1. အကြောင်းကြားခြင်း**

အခြေအနေအသစ်ဖြစ်ပေါ်နေမှုများကို သင်အစဉ်သိရှိနေရန်အတွက် အထွေထွေသတင်းအချက်အလက်များကို အကြောင်းကြားသည်။

**2. အခြေအနေကိုစောင့်ကြည့်ပြီး အရေးယူဆောင်ရွက်ခြင်း**

သင့်ထံသို့ မီးတစ်ခု ချဉ်းကပ်လာနေသည်။

အခြေအနေများမှာပြောင်းလဲနေပြီး သင်နှင့်သင့်မိသားစု၏ အသက်ဘေးအန္တရာယ်ကို ကာကွယ်ရန်အတွက် သင်သည် ယခုပင်စတင်၍ အရေးယူဆောင်ရွက်ရန် လိုအပ်သည်။

**3. အရေးပေါ် သတိပေးခြင်း**

သင့်ထံ၌ ဘေးအန္တရာယ်ရှိနေပြီး သင့်အနေနှင့် ချက်ခြင်း အရေးယူဆောင်ရွက်ရန် လိုအပ်သည်။

သင့်အပေါ်၌ မီး၏ အကျိုးသက်ရောက်မှုရှိလိမ့်မည်။

တောရိုင်းမြေ မီးလောင်ခြင်း၏ သတိပေးနှိုးဆော်မှုများကို အထက်ပါအဆင့်များ၏အစဉ်လိုက်အတိုင်း အမြဲမပေးပါ။ ဥပမာအားဖြင့် သင်သည် စောင့်ကြည့်ပြီး အရေးယူဆောင်ရွက်ခြင်းအဆင့်ကို ပထမအဆင့်အဖြစ် ကြားသိရနိုင်သည်။

အကယ်၍သင်သည် တောရိုင်းမြေ မီးလောင်ခြင်း၏ သတိပေးနှိုးဆော်မှုကို ကြားသိရပါက ၎င်းကို သင်သည် အလေးအနက်ထားရမည်။ အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက သင် သို့မဟုတ် သင့်မိသားစုအတွက် သေဆုံးမှု သို့မဟုတ် ဒဏ်ရာရရှိမှုတို့၏ရလဒ် ရှိနိုင်ကောင်းရှိနိုင်မည်။

အကယ်၍သင်သည် သတိပေးမှာကြားချက်ကို နားမလည်ပါက ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် အိမ်နီးချင်းတစ်ဦးထံမှ အကူအညီတောင်းပါ။

သင်၏ ဆင်ခြေဖုံး၊ မြို့ သို့မဟုတ် ပတ်ပတ်လည်၌ရှိသော အရပ်ဒေသတို့အတွက် ထုတ်ပြန်သည့် သတိပေးနှိုးဆော်ချက်များကို ကြည့်ရှု၍နားဆင်ပါ။

## သတိပေးနှိုးဆော် မှာကြားချက်များနှင့် သတိပေးချက်များကို ရယူရန်၊

- အရေးပေါ် ရေဒီယိုအသံလွှင့်ရုံများဖြစ်သော ABC ဒေသခံ ရေဒီယို၊ စီးပွားဖြစ် ရေဒီယိုနှင့် ရွေးချယ်သတ်မှတ်ထားသည့် လူမှုအသိုင်းအဝိုင်း ရေဒီယိုအသံလွှင့်ရုံများအား နားဆင်ပါ။ SBS နှင့် 3ZZZ တို့၌လည်း အရေးပေါ်အခြေအနေတစ်ခုတွင် မည်သည့်ကိစ္စများအား လုပ်ကိုင်ဆောင်ရွက်ရမည့် သတင်းအချက်အလက်များကို ဘာသာစကားပေါင်းစုံဖြင့် ရရှိလိမ့်မည်ဖြစ်သည်။
- **cfa.vic.gov.au** သို့မဟုတ် **dse.vic.gov.au** ၌ကြည့်ပါ
- Sky News ရုပ်မြင်သံကြား
- Victorian Bushfire Information Line (ဗစ်က်တိုးရီးယန် တောရိုင်းမြေ မီးလောင်မှု သတင်းအကြောင်းအချက် ဖုန်းလိုင်း) အား **1800 240 667** ၌၊ သို့မဟုတ် National Relay Service (နိုင်ငံတော် လက်ဆင့်ကမ်း ဝန်ဆောင်မှု) မှတဆင့် **1800 555 677** ၌ ဖုန်းဆက်ပါ။
- လူထုဆက်သွယ်ရေးထွက်ပေါက်များဖြစ်သော twitter.com/CFA_updates နှင့် CFA Facebook
- Smartphones အများစုတွင် ရရှိနိုင်သော CFA Fire Ready App ကို အင်တာနက်မှ ကူးယူပါ




*ပုံရိပ်။ သင်သည် **CFA** ၏ **FireReady App** မှ သတိပေးချက်များနှင့် အကြောင်းကြားချက်ကို လက်ခံရရှိနိုင်ပါသည်*

# တောရိုင်းမြေ မီးလောင်ခြင်းဆိုင်ရာ သတိပေးနှိုးဆော် မှာကြားချက်များနှင့် သတိပေးချက်များ

## အရေးပေါ်အခြေအနေများတွင် -

- သင်၏ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားမှ သတိပေးနှိုးဆော်ချက်ကို မကြားရမီ အလျင် Standard Emergency Warning Signal (SEWS) (ပုံမှန် အရေးပေါ် သတိပေး အချက်ပြသံ) ဟုခေါ်သော အချက်ပေးဥသြသံကို သင် ကြားကောင်းကြားရမည်။
- သင်၏ မိုဘိုင်းဖုန်းနှင့် သင်၏ ကျသင့်လွှာတောင်းခံပါ လိပ်စာရှိ ကြိုးသွယ်တယ်လီဖုန်းတို့သို့ အရေးပေါ်သတိပေးနှိုးဆော်ချက်တစ်ခုကိုပို့၍လည်း သတိပေးနိုင်သည်။ ၎င်း၏အဓိပ္ပာယ်မှာ အကယ်၍သင်သည် မြို့ထဲ၌နေပြီး ကျေးလက်တောရွာတွင်ခရီးထွက်နေစဉ် တောရိုင်းမြေ မီးလောင်မှုတစ်ခုဖြစ်ပေါ်သည့်အခါတွင် သင့်မိုဘိုင်းဖုန်း၌ အရေးပေါ်သတိပေးခြင်းကို လက်ခံရရှိမည်မဟုတ်ပါ။ ၎င်းသည် နိုဝင်ဘာလ 2013 ခုနှစ်တွင် တည်ရှိနေရာပေါ်အခြေပြုသည့်ဝန်ဆောင်မှုတစ်ရပ်အဖြစ်သို့ ပြောင်းလဲလိမ့်မည်။

## CFA မီးသတ်အဖွဲ့၏ အချက်ပေးဥသြသံများ -

- **မီးသတ်အဖွဲ့၏ အချက်ပေးဥသြသံ (အတို)။** စက္ကန့် 90 ကြာသည်အထိ မြည်နိုင်သော အချက်ပေးဥသြသံတစ်ခုသည် CFA မီးသတ်အဖွဲ့ဝင်များမှ အနီးအနားရှိ အရေးပေါ်ကိစ္စတစ်ရပ်အပေါ် တုံ့ပြန်နေခြင်းကို ညွှန်ပြခြင်းဖြစ်လိမ့်မည်။ ၎င်းအတွက် လူမှုအသိုင်းအဝိုင်း၏ တုံ့ပြန်မှုကို မလိုအပ်ပါ။
- **မီးသတ်အဖွဲ့၏ အချက်ပေးဥသြသံ (ပို၍ရှည်ကြာသည်)။** 5 မိနစ်တာ ရှည်ကြာသည့် အချက်ပေးဥသြသံတစ်ခုသည် ဒေသခံအရပ်တစ်ခုတွင် လောလောလတ်လတ်အရေးပေါ် အခြေအနေတစ်ရပ်အား ဖော်ထုတ်နိုင်ခဲ့ခြင်းကို ညွှန်ပြခြင်းဖြစ်ပြီး၊ သင့်အနေနှင့် အန္တရာယ်တစ်ခု၏အလားအလာဖြင့်ပတ်သက်သော သတင်းအချက်အလက်များကို ပိုမို၍ ဖော်ထုတ်သင့်သည်။

### အပို လက်တွေ့အသုံးကျ အကြံပြုချက်အချို့။

- သင့်အရပ်ဒေသ၏မြေပုံကို ထားရှိပါ။ မည်သည့်နေရာ၌ မီးလောင်နေသည်ကို မြေပုံတွင် သင်ကြည့်ရှုနိုင်သည်။
- အကယ်၍ လျှပ်စစ်မီး ပြတ်သွားခဲ့သည်ရှိသော် နောက်ဆုံးပေါ်အခြေအနေများကို နားဆင်နိုင်ရေးအတွက် သင့်ထံ၌ ဓာတ်ခဲအားသုံး ရေဒီယိုတစ်လုံးရှိရန် သေချာပါစေ။
- သင်သည် ဗစ်က်တိုးရီးယားတစ်လျှောက်လုံး လှည့်လည်သွားနေလျှင် အခြေအနေများအားလုံးကို သင့်အနေနှင့် စောင့်ကြည့်ရန်လိုအပ်သည်။ မီးလောင်မှုအန္တရာယ်ကြီးမားသည့်နေ့များ၌ တောရိုင်းမြေ မီးလောင်မှုအလားအလာကြီးမားသည့် အရပ်ဒေသများသို့ အလည်အပတ်သွားခြင်းကို ပြန်လည်စဉ်းစားသုံးသပ်ပါ။




ပုံရိပ်။ ဓာတ်ခဲအားသုံး ရေဒီယို